# ရှဝါနန်ခကျီး နှင့် ဂျိန်းဖော့

နိုင်သူ(ကချင်)

လည်ဆွဲတန်ဆာများကို တိုင်းရင်းသားအမျိုးသမီးတိုင်း အမြတ်တနိုး ဝတ်ဆင်ကြရာတွင် အချို့သောတိုင်းရင်းသူတို့သည် ရွှေကို ခုံခုံမင်မင် ဝတ်ဆင်ကြသကဲ့သို့ ရွှေကပ်သော ကျောက်မြတ်ရတနာများဖြင့် စီခြယ်သော ပုတီး, ဘယက်စသော လည်ဆွဲရတနာများကို ကြော့ရှင်းသော လည်တွင် ဆွဲ၍ အလှကို ပေါ်လွင်စေကြသည်။

အချို့သော တိုင်းရင်းသူတို့ကလည်း ကျောက်နီ၊ နီလာ၊ ပတ္တမြား၊ ပုလဲ၊ ဂေါ်မုတ်၊ ကျောက်စိမ်းတို့ဖြင့် သီကုံးဝတ်ဆင်ကြသည်။

ဂျိန်းဖော့တိုင်းရင်းသူတို့၏ ကြော့ရှင်းသော လည်တိုင်မော့မော့တွင်ကား ဆိုခဲ့သော ရတနာတို့ဖြင့် ပြီးသည့် လည်ဆွဲတန်ဆာရတနာတို့ထက် 'ရှဝါနန် ခကျီး'(Shawa nang kachyi) ခေါ်သည့်ရွှေဝါရောင်အဆင်းဖြင့် ရှမပြီးသည့်သန္တာပုတီးကိုသာ ခုံမင်မြတ်နိုးသည့်အဆင်တန်ဆာရတနာအဖြစ် အသုံးပြုကြသည်။

ရှဝါနန် ခကျီးကို ဂျိန်းဖေါ့တိုင်းရင်းသူတို့ လည်ဆွဲအဆင်တန်ဆာအဖြစ် အမြတ်တနိုး သုံးစွဲကြသည်သာမက ဂျိန်းဖေါ့တစ်မျိုးသားလုံးတွင်လည်း ရှဝါနန် ခကျီး သန္တာပုတီးများကို ရိုးရာဓလေ့အရ အဆုံးအဖြတ်ပြုကြသည့်ကိစ္စများတွင် ဖဂါ(Hpaga)ခေါ် ကြေး(ဝါ)ပစ္စည်းအဖြစ် အသုံးပြုကြသည်။

ထုံးတမ်းဓလေ့အရ လူကြီးစုံရာတွင် အကြင်လင်မယားအဖြစ် လက်ထပ်ပြီး ဇနီးသည်အား အကြောင်းအမျိုးမျိုးကြောင့် သည်ဘဝ သည်မျှသာ ရေစက်ကုန်၍ ခွဲခွာလိုသူ လင်သားက ဇနီးဖြစ်သူအား အခြားလျော်ကြေးပစ္စည်းများနှင့်အတူ ရှဝါနန် ခကျီး သန္တာပုတီးကို မပေါင်းဖက်လိုသော လင်သား၏ အပြုအမူကြောင့် မိဘဆွေမျိုး မိတ်သင်္ဂဟတို့အလယ် မျက်နှာငယ်ရသည့်ဇနီး အား မျက်နှာပြုပြင်ဆေးကြောသည့်သဘောဖြင့် လျော်ကြေးပေးကြရသည်။

ချစ်သည်၊ ခင်သည်၊ ကြင်သည်မှန်စေ သေတပန် သက်တစ်ဆုံး ရာသက်ပန် ရိုးမြေကျကြင်ဘက်သက်နှံအဖြစ် ရည်ရွယ်၍ ဘဝကို နှစ်ဦးသဘောတူ လက်တွဲလျှောက်ကြသည်ဆိုစေ၊

ebook is created by www.ShanYoma.Org

ထုံးတမ်းစဉ်လာအရ လူကြီးစုံရာနှင့်လက်ထပ်ထိမ်းမြားခြင်း မပြုဘဲ ကလေးရရှိပါက ကလေးကို ကျွေးမွေးပြုစုရန်နှင့်မိခင်၏ ဂုဏ်သိက္ခာကို သန့်စင်စေရန် အခြားလျှော်ကြေးများနှင့်အတူ ရှဝါနန် ခကျီး သနပ်ခါးပုတီးကို ပေးကြရပြီး ကလေးသည် အသေလျှော့မွေး ဖြစ်ပါလျှင်လည်း ကလေးမိခင်၏ မျက်နှာရုပ်ဆင် ပြင်ဆင်ခဟူသောအမိပ္ပါယ်ဖြင့် ပေးကြရပြန်သည်။

ထို့ကြောင့် ဂျိန်းဖေါ့အမျိုးသမီးတို့သည် သနပ်ခါးပုတီးကို အခြားသောရတနာတို့ထက် အမြတ်တနိုး မိမိတို့ကြော့ရှင်းသော ရွှေလည်တိုင်တွင် ဆင်မြန်း၍ မိမိတို့ရင်အုံတွင် ခုံမင်စွာဖြင့် ချိတ်ဆွဲကြသည်။

ဂျိန်းဖေါ့တို့၏ ရိုးရာဓလေ့များအရ ကျင့်သုံးသည့်အဆုံးအဖြတ်များတွင်လည်း ရှဝါနန် ခကျီးသည် နောက်တန်းတွင် မနေရစ်ပါချေ။

ကိုယ်လက်အင်္ဂါတစ်စုံတစ်ခု ချွတ်ယွင်းလောက်အောင် နာကျင်ထိခိုက်စေမှုများနှင့် ဖျားယောင်းသွေးဆောင်မှု၊ အရွယ်မရောက်သေးသည့်အမျိုးသမီးအား အလိုမတူပဲ ဖျက်ဆီးမှု၊ ကာမပိုင်ရှိသူအား ပြစ်မှားမှု၊ စုန်းမျိုးဟု စွပ်စွဲမှု၊ မှားယွင်းစွပ်စွဲမှု၊ အိမ်တွင်းပစ္စည်းခိုးမှု၊ နေအိမ်အဆောက်အဦ မီးရှို့ဖျက်ဆီးမှု၊ အစားအသောက်များ ညစ်ညမ်းစေမှုနှင့်လူသတ်မှုများတွင် သနပ်ခါးပုတီးကို လျှော်ကြေးပစ္စည်းများနှင့်အတူ ပေးဆောင်ကြရသည်။

သနပ်ခါးပုတီးကို လည်ဆွဲအဆင်တန်ဆာနှင့်ဓလေ့ထုံးစံအရ လျှော်ကြေးပစ္စည်းများအဖြစ်သာ အသုံးပြုကြသည်မဟုတ်၊ လူမျိုးများအလိုက် ဆေးဝါးအဖြစ်လည်း အသုံးပြုကြရာ အဆိပ်ရှိသောမြွေများ အကိုက်ခံရပါမူ အဆိပ်ပြေစေရန်နှင့်အဆိပ်စုပ်ရန်လည်း အသုံးပြုကြသည်။

သနပ်ခါးပုတီးများအဖြစ် အသုံးပြုရန် သနပ်ခါးစေ့များကို ပူတာအိုခရိုင် မချမ်းဘော့မြို့နယ် ကောင်းလူရွာအနီး မဂျူးဂါးဒေသမှ ရရှိကြပြီး အချို့ကို ခေါင်လန်ဖူးဒေသမှလည်း ရရှိကြ၍ ၎င်းဒေသမှ ရရှိသည့်သနပ်ခါးကို ''ရတစ်ဂတော့''ဟုခေါ်ဝေါ်ကြပြီး သာမန်သနပ်ခါးထက် အရွယ်အားဖြင့် အနည်းငယ် ကြီးသည်။

မြေသနပ်ခါးပုတီးခေါ် ''ဂါးခကျီး''များကို တြိဂံနယ်တောင်ပိုင်း မိုင်းရှန်းနှင့်မထွမ်ဂါးအရပ်များတွင် ထုတ်လုပ်ရရှိပြီး ထိုမြေပုတီးများကိုမူ လိုချင်သော အရွယ်အစားအတိုင်း သွေး

ebook is created by www.ShanYoma.Org

ဖြတ်၍ အသုံးပြုကြရသည်။

မြေသန္တာပုတီးများအပြင် "ခန်းခကျီး"ခေါ် နာဂပုတီးများကိုလည်း ဂျိန်းဖော့အမျိုးသားများ အသုံးပြုကြသည်။ ၎င်းပုတီးကို နာဂနယ်မှထွက်သောကြောင့် နာဂပုတီးဟုခေါ်ကြပြီး မြေပုတီးနှင့်နာဂပုတီးများကို လူသုံးများကြသော်လည်း "ရှဝါနန်ခကျီး"လောက် တန်ဖိုးထားသုံးစွဲခြင်း မရှိကြချေ။

သန္တာပုတီးအစစ်များသည် အရောင်အမျိုးမျိုး ရှိတတ်ပြီး အဝါရောင်(ရွှေဝါရောင်) တောက်သည့်အရည်အသွေးမျိုးတို့သာလျှင် ပိုမို၍ တန်ဖိုးထားတတ်ကြလေသည်။

သန္တာပုတီးအရည်အသွေးနှင့်ကောင်း မကောင်း စမ်းသပ်မှုများမှာ ဒယ်အိုးထဲတွင် ရေအနည်းငယ်ထည့်၍ သန္တာစေ့များကို တစ်လုံးစီ တစ်ပေခန့်၊ သို့မဟုတ် သုံးပေခန့်အကွာအဝေးများမှ ဒယ်အိုးတွင်းသို့ ချ၍ စမ်းသပ်ကြပြီး ၎င်းသန္တာစေ့များ ဒယ်အိုးနှင့်ထိတွေ့သည့်အခါ ထွက်ပေါ်သောအသံထွက်ကို နားထောင်ပြီး အရည်အသွေး ကောင်း မကောင်း စမ်းသပ်ရွေးချယ်ကြသည်။

ယင်းသို့ အကောင်းဆုံး သန္တာစေ့များကို အလုံး(၅၀)လျှင် ပုတီးတစ်ကုံး၊ အလုံး(၁၀၀) လျှင် ပုတီးတစ်ကုံး စသည်ဖြင့် ပြည့်စုံအောင် သီကုံး၍ အသုံးပြုကြသည်။ မြေသန္တာပုတီးနှင့် နာဂပုတီးများမှာ ဈေးပေါပေါနှင့်ဝယ်ယူရရှိနိုင်သော်လည်း ရှဝါနန်(ခေါ်)သန္တာပုတီးစစ်စစ် များကိုမူ ဝယ်ယူရန် မလွယ်ကူပေ။

သန္တာပုတီးအစစ် ဆွဲနိုင်သူများမှာလည်း မိရိုးဖလာအဆက်ဆက် ဓလေ့ထုံးစံအရ မိမိ သားသမီးများ လက်ထပ်မင်္ဂလာပြုသည့်အခါများတွင် ချွေးမများအား မြတ်နိုးရလွန်းသော သား၏ဇနီးအတွက် ခန်းဝင်ပစ္စည်း(Hpu Ja)"ဖူဂျာ"အဖြစ် ပေးကြရသည်ကစ၍ သားသမီး အဆက်ဆက် ဓလေ့အရ ပေးကြရသဖြင့် "ရှဝါနန် ခကျီး"သန္တာပုတီးမှာ တန်ဖိုးကြီးမားရခြင်း လည်းဖြစ်သည်။

ယခင် မလွတ်လပ်မီကာလများက သန္တာပုတီးတစ်ကုံးလျှင် ငါးကျပ်မှ သုံးဆယ်ကျပ် အထိ ဈေးရှိခဲ့သော်လည်း ယခုအခါတွင် တစ်ကုံးလျှင် ငါးရာကျပ်မှ နှစ်ထောင်ကျပ်အထိ ဈေးရှိလေသည်။

ebook is created by www.ShanYoma.Org

“ရှဝါနန် ခကျီး”သန္တာပုတီးစစ်စစ်များမှာ အလွန်ရှားပါးသော ဂျိန်းဖော့အမျိုးသမီးတို့၏ လည်ဆွဲတန်ဆာရတနာအစစ် ဖြစ်လေရာ ၎င်းသန္တာသည် မီးလောင်ကျွမ်းခြင်း၊ ဆွေးမြေ့ခြင်း မရှိသဖြင့်လည်း တန်ဖိုးရှိသော ရတနာတစ်ပါးအဖြစ် သုံးစွဲကြသည်။

ဂျိန်းဖော့အမျိုးသားများအနေဖြင့် လိမ္မာရေးခြားရှိသော ဂျိန်းဖော့အမျိုးသမီးများအား ချီးကျူးကြလျှင် “ရှဝါနန် ခကျီး အင်ဝိုင်း ရှယီ”(Shawa Nang Kachyi N'wai Sha Yi)သန္တာပုတီးကဲ့သို့ မညှိုးနွမ်းသောအမျိုးသမီးဟူ၍ သန္တာပုတီးကို တင်စား၍ ချီးကျူးတတ်ကြလေသည်။

ဂျိန်းဖော့အမျိုးသမီးတို့၏ ရွှေလည်တိုင် မော့မော့တွင် ကြော့ကြော့ကလေး ဆင်တတ်သည့်လည်ဆွဲရတနာကား ရွှေလည်းမဟုတ်၊ ဆန်းပြားလှသည့်နိုင်ငံခြားအထည်ကိုလည်း အရမ်းကာရော မဆင်တတ်ကြ၊ မရိုးနိုင်၊ မညှိုးနိုင်သည့်ရွှေဝါရောင်ရတနာ “ရှဝါနန် ခကျီး” သန္တာပုတီးအစစ်နှင့်ပြည်တွင်းဖြစ်ကိုသာ ဆင်၍ ယဉ်လှကြပါပေသည်။

နိုင်သူ(ကချင်)

မှတ်ချက်။ ။မြဝတီမဂ္ဂဇင်း၊ ၁၉၆၈–ခုနှစ်၊ စက်တင်ဘာလထုတ်၊ အမှတ် (၁၁)၊ အတွဲ (၁၆) စာမျက်နှာ (၁၅၂ မှ ၁၅၄)အထိ လာရှိသောဆောင်းပါးကို ပြန်လည်၍ စာစီရိုက်ပါသည်။

ebook is created by www.ShanYoma.Org